ခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီးဖြစ်သည့်အပြင် မေးမြန်းဖြေကြားချက်များ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် လျှောက်ထားခံရသူက ချေလွှာနှင့်အတူပေးပို့လာသည့် အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များ စသည်တို့ကို အသေးစိတ်စိစစ်လေ့လာခဲ့ရာ ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ် (၂၀၁၉ စည်းကြပ်နှစ်) အတွက် လျှောက်ထားသူ “K” Line Logistics (Myanmar) Ltd က ပြည်တွင်းအခွန်များဦးစီးဌာန၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)သို့ တင်သွင်းခဲ့သည့်ဝင်ငွေကြေညာလွှာပါ အမည်ကောင်းတန်ဖိုး (Goodwill) ဝယ်ယူခြင်းအတွက် တန်ဖိုးလျော့လျာထားခြင်းအား လုပ်ငန်း၏စရိတ်အဖြစ်ခွင့်မပြုသဖြင့် ပိုမိုကျသင့်သည့်ဝင်ငွေခွန်နှင့်ဒဏ်ငွေကို ပြန်လည်သုံးသပ်ပေးရန် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ၃၄၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားခဲ့ရာ ယင်းဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)အရ ပြန်လည်သုံးသပ်ပေးရန်လျှောက်ထားရမည့် ကာလစည်းကမ်းသတ်အတွင်း လျှောက်ထားခြင်းမရှိကြောင်းကို စိစစ်တွေ့ရှိရသည့်အတွက် ကနဦးအကြောင်းပြချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က “ပလပ်” လိုက်သည့်ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ခုံအဖွဲ့ထံသို့ အယူခံတင်သွင်းလာခြင်းဖြစ်ကြောင်းတွေ့ရသည်။

ထိုသို့ အယူခံတင်သွင်းရာ၌ လျှောက်ထားသူ၏ လျှောက်ထားချက်တွင် အပိုင်း (၂) ပိုင်းပါဝင်ပြီး ပထမပိုင်းမှာ ကာလစည်းကမ်းသတ်ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားနိုင်ခြင်းမရှိခဲ့ဘဲ ၃၇ ရက် ကျော်လွန်သွားခြင်းကို ပြန်လည်လက်ခံစဉ်းစားသုံးသပ်ပေးရန်နှင့် ဒုတိယပိုင်းမှာ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂) မှ Confirmation for Self-Assessment (SAS-1) ထုတ်ပြန်ရာတွင် ကုမ္ပဏီမှတင်ပြထားသောလုပ်ငန်း၏ အမည်ကောင်းတန်ဖိုး (Goodwill) ဝယ်ယူခြင်းအတွက် တန်ဖိုးလျော့ ၁၀ % ကို လုပ်ငန်း၏စရိတ်အဖြစ် ခွင့်မပြုနိုင်ပါကလည်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၆ အရ ဇယားတွင် မပါဝင်သော ပုံသေပိုင်ပစ္စည်း (Fixed Asset) အဖြစ် ၅% တန်ဖိုးလျော့လျာထားခြင်းကို လုပ်ငန်း၏ စရိတ်အဖြစ်ခွင့်ပြုပေးရန်နှင့် အဆိုပါဝင်ငွေနှစ်အတွက် အခွန်စည်းကြပ်မှုအား ပြန်လည်ပြင်ဆင်ပေးရန်တို့ဖြစ်ကြောင်းတွေ့ရသည်။

အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) တွင် ခုံအဖွဲ့ရှေ့မှောက်၌ အမှုများကိုကြားနာသည့်အခါ တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်းသုံးစွဲနိုင်ကြောင်း ပြဋ္ဌာန်းထားသည်နှင့်အညီ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ ပါပြဋ္ဌာန်းချက်များအရ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခဲ့ရာတွင် လုံလောက်သောအကြောင်းကြောင့် ဟုတ် မဟုတ် ခုံအဖွဲ့အနေဖြင့် ပထမဦးစွာ စိစစ်ဆုံးဖြတ်နိုင်ခွင့်ရှိပေသည်။

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) တွင် အခွန်ထမ်းသည် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် အသေးစိတ်အကြောင်းပြချက်များကို ဖော်ပြလျှောက်

ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်ဟုလည်းကောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅ တွင် အယူခံမှု သို့မဟုတ် စီရင်ချက်ကို ပြန်လည်သုံးသပ်ရန်သော်လည်းကောင်း၊ အယူခံဝင်ခွင့်ရရှိစေရန်သော်လည်းကောင်း၊ ပြုလုပ်သောလျှောက်ထားမှုကို သို့မဟုတ် တည်ဆဲဥပဒေဖြင့်ဖြစ်စေ၊ တည်ဆဲဥပဒေအရဖြစ်စေ၊ ဤပုဒ်မနှင့်သက်ဆိုင်စေနိုင်သည့် အခြားလျှောက်ထားမှုကို ပြဋ္ဌာန်းထားသည့် ကာလစည်းကမ်းသတ်ကုန်ဆုံးပြီးမှ တင်သွင်းသည့်ကိစ္စတွင် အယူခံသူကဖြစ်စေ၊ လျှောက်ထားသူကဖြစ်စေ စည်းကမ်းသတ်ကာလအတွင်းက အဘယ်ကြောင့်တင်သွင်းခြင်းမပြုခဲ့သည်ကို တရားရုံးက ကျေနပ်အောင် လုံလောက်သောအကြောင်းပြနိုင်လျှင် တရားရုံးသည် အဆိုပါ အယူခံမှု၊ လျှောက်ထားမှုကို လက်ခံနိုင်သည်ဟုလည်းကောင်း အသီးသီးပြဋ္ဌာန်းထားသည်။

လျှောက်ထားသူအနေဖြင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂) မှ ထုတ်ပြန်သည့် Confirmation for Self-Assessment (SAS-1) ကို ၈-၁၂-၂၀၂၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပြီး စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားခြင်းမပြုမီ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)ထံမှ စည်းကြပ်မိန့်မိတ္တူလျှောက်ထားရရှိပြီးမှ လျှောက်ထားတင်သွင်းရမည်ဟု သဘောရိုးဖြင့် မှားယွင်းစွာယူဆမိသဖြင့် ၂၁-၁၂-၂၀၂၂ ရက်နေ့တွင် လျှောက်ထားခဲ့ကြောင်း၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂) ကလည်း ယင်းနေ့တွင်ပင် ဝင်စာအမှတ် ၁၆၉၉၈ ဖြင့် လက်ခံရရှိခဲ့ကြောင်း၊ မိတ္တူမရရှိသဖြင့် လျှောက်ထားသူက ၆-၂-၂၀၂၃ ရက်နေ့တွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂) သို့ ဖုန်းဖြင့်မေးမြန်းစုံစမ်းသည့်အခါ မူလလက်ခံရရှိထားသော SAS-1 ဖြင့် လျှောက်ထားနိုင်ခွင့်ရှိကြောင်းသိရှိရသည့်အတွက် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ၁၄-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားရာ ၃၇ ရက် ကျော်လွန်သွားရခြင်းဖြစ်သည်ကို လက်ခံစဉ်းစားပေးပါရန် တင်ပြထားကြောင်းတွေ့ရှိရသည်။

လျှောက်ထားသူက စည်းကြပ်မိန့်မိတ္တူထုတ်ပေးရန် စာဖြင့်လျှောက်ထားခဲ့ခြင်းအပေါ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)၏ အမှုတွဲပါအထွေထွေအရပ်ရပ်-၁၆(ရုံးတွင်းစာအကျဉ်းချုပ်)ပုံစံတွင် "၂၁-၁၂-၂၀၂၂ ရက်နေ့တွင် ဝင်စာအမှတ် ၁၆၉၉၈ ဖြင့် လျှောက်ထားလာကြောင်း" မှတ်တမ်းတင်ထားခြင်း၊ "စည်းကြပ်မှု မိတ္တူမှန်တောင်းခံရန် မလိုအပ်ပါကြောင်း၊ လက်ခံရရှိထားသော SAS-1 မူရင်းဖြင့်သာ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ကာလစည်းကမ်းသတ်အတွင်း စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားနိုင်ကြောင်း ၂၉-၁၂-၂၀၂၂ ရက်နေ့တွင် အခွန်ထမ်းကုမ္ပဏီ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်ဖြစ်သော ၀၉-၅၀၇၅၇၈၁ ထံသို့ ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားပြီးဖြစ်ကြောင်း" မှတ်တမ်းတင်ထားခြင်းတို့ကို အထောက်အထားမိတ္တူ တင်ပြထားသော်လည်း လျှောက်ထားသူကစာဖြင့် တရားဝင် ရေးသားတင်ပြထားခြင်းကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၄ ပါ အခွန်ထမ်းနှင့် အခြားပုဂ္ဂိုလ်များကို ဆက်သွယ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)က တိကျစွာလိုက်နာဆောင်ရွက်ပြန်ကြားခဲ့ခြင်းမရှိသဖြင့် အငြင်းပွားဖွယ်ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း၊လျှောက်ထားသူရှင်းလင်းကွဲပြားစွာသိရှိအောင်ကာလစည်းကမ်းသတ်ပြည့်မြောက်သည့် ၈-၁-၂၀၂၃ ရက်နေ့မတိုင်မီ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ

အခွန်ရုံး(၂)က ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နည်းလမ်းတကျ လိုက်နာပြန်ကြားခဲ့မည်ဆိုပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားသည့်ဖြစ်စဉ် ပေါ်ပေါက်နိုင်ဖွယ်မရှိဟု ယူဆနိုင်ကြောင်း၊ လျှောက်ထားသူက ၆-၂-၂၀၂၃ ရက်နေ့တွင် ဖုန်းဖြင့်မေးမြန်းစုံစမ်းသိရှိရပြီးနောက် ၁၄-၂-၂၀၂၃ ရက်နေ့တွင် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားခဲ့ကြောင်းတွေ့ရှိရသဖြင့် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ ပြင်ဆင်ဆောင်ရွက်ချိန်ကို ထည့်သွင်းစဉ်းစားပါက လျှောက်ထားသူသည် ထိုက်သင့်သော လုံ့လဝီရိယစိုက်ထုတ်မှုမရှိဟု မဆိုနိုင်ကြောင်း၊ သို့ဖြစ်၍ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ တင်ပြချက်များအရ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခဲ့ခြင်းတွင် လုံလောက်သောအကြောင်းများကိုတွေ့ရှိရသဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ နှင့်အညီ လက်ခံဆောင်ရွက်နိုင်ကြောင်း သုံးသပ်သည်။

လျှောက်ထားသူက ဒုတိယပိုင်းအနေဖြင့်တင်ပြထားသည့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)မှ Confirmation for Self-Assessment (SAS-1) ထုတ်ပြန်ရာတွင် ကုမ္ပဏီမှ တင်ပြထားသော လုပ်ငန်း၏ အမည်ကောင်းတန်ဖိုး (Goodwill) ဝယ်ယူခြင်းအတွက် တန်ဖိုးလျော့ ၁၀ % ကို လုပ်ငန်း၏စရိတ်အဖြစ် ခွင့်မပြုနိုင်ပါကလည်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၆ အရ ဇယားတွင်မပါဝင်သော ပုံသေပိုင်ပစ္စည်း (Fixed Asset) အဖြစ် ၅% တန်ဖိုးလျော့လျာထားခြင်းကို လုပ်ငန်း၏စရိတ်အဖြစ် ခွင့်ပြုပေးရန်နှင့် အဆိုပါဝင်ငွေနှစ်အတွက် အခွန်စည်းကြပ်မှုအား ပြန်လည်ပြင်ဆင်ပေးရန်တို့နှင့်စပ်လျဉ်း၍ ခုံအဖွဲ့က ဆုံးဖြတ်ချက်တစ်စုံတစ်ရာချမှတ်ခြင်းမပြုထိုက်ကြောင်းနှင့် တည်ဆဲဝင်ငွေခွန်ဥပဒေ၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီသာ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်သုံးသပ်ဆုံးဖြတ်သင့်ကြောင်း သုံးသပ်သည်။ သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ၃၁-၃-၂၀၂၃ ရက်စွဲပါ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်မှုအမှတ် ၃/၂၀၂၃ ၏ ပြန်လည်သုံးသပ်မှုအမိန့်တွင် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်ကိုပယ်ဖျက်၍ လျှောက်ထားသူက တင်သွင်းခဲ့သော စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားချက်ကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်က သုံးသပ်ပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာချမှတ်ရန်ဖြစ်ကြောင်း ပြင်ဆင်အမိန့် ချမှတ်လိုက်သည်။

| | | |
|---|---|---|
| ဇေယျာကြည်ညွှန့် | မြင့်ဦး | ဦးကြည် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

အဖွဲ့ခေါင်းဆောင်

အ ခွန် အ ယူ ခံ ခုံ အ ဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၃ ခုနှစ်၊ ဝင်ငွေခွန်အယူခံမှုအမှတ်-၂**

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| "K" Line Logistics (Myanmar) Ltd<br>အခွန်ထမ်းမှတ်ပုံတင်အမှတ် - ၁၀၁၈၂၅၇၉၅<br>45th St (Lower Block) Between Merchant Rd and Mahabandoola Rd, Complex 45 Tower (A),Room No (105-106), 1st Floor, Botahtaung Tsp, Yangon. | နှင့် | ပြည်တွင်းအခွန်များဦးစီးဌာန<br>ရုံးအမှတ်(၄၆)၊<br>နေပြည်တော်။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးစစ်ဦးကို(တရားလွှတ်တော်ရှေ့နေ) |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဒေါ်စိုးယုယုမိုး၊ ဒုတိယညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>(ဌာနဆိုင်ရာကိုယ်စားလှယ်) |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၃ ခုနှစ် ၊အောက်တိုဘာလ ၃၁ ရက် |

**စီ ရင် ချက်**

အမှုမှာ ပြည်တွင်းအခွန်များဦးစီးဌာန၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂)တွင် အခွန်ထမ်းမှတ်ပုံတင်အမှတ် ၁၀၁၈၂၅၇၉၅ ဖြင့် အခွန်ထမ်းဆောင်နေသော "K" Line Logistics (Myanmar) Ltd သည် ၂၀၁၉ ဝင်ငွေနှစ် (၂၀၁၉-၂၀၂၀ စည်းကြပ်နှစ်)အတွက် ဝင်ငွေခွန်ကြေညာလွှာ တွက်ချက်တင်ပြရာ၌ စုစုပေါင်းရငွေ ကျပ် ၅၈,၅၃၄,၉၄၅ ဖြစ်ကြောင်း ၊ ဝင်ငွေခွန်၂၅% ကျပ် ၁၄,၆၃၃,၇၃၆ ကျသင့်ခဲ့ကြောင်းတင်ပြခဲ့ခြင်းအပေါ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂)၏ မှတ်ချက်အရ ပြင်ဆင်ထားသည့် ဝင်ငွေခွန်ကြေညာလွှာတွင် စုစုပေါင်းရငွေ ကျပ်၉၉,၃၆၂,၆၈၄ ဖြင့် ဝင်ငွေခွန်၂၅% ကျပ်၂၄,၈၄၀,၆၇၁ကျသင့်ခဲ့ကြောင်း၊ အဓိကကွာခြားချက် အနေဖြင့် လုပ်ငန်း၏ အမည်ကောင်းတန်ဖိုး (Goodwill) ဝယ်ယူခြင်းနှင့် Office 365 EntE3 System ဝယ်ယူတပ်ဆင်ခြင်းတို့အတွက် တန်ဖိုးလျော့လျာထားခြင်းအား လုပ်ငန်း၏ စရိတ်အဖြစ် ခွင့်မပြုသဖြင့် အဆိုပါ ဝင်ငွေခွန် ကျပ် ၂၄,၈၄၀,၆၇၁ မှ လိုငွေ ကျပ် ၂၄,၇၈၆,၇၉၁ နှင့် ဒဏ်ကြေး

ကျပ် ၂,၄၇၈,၆၇၉ တို့အား ၂၀-၁၂-၂၀၂၂ ရက်နေ့တွင် ပေးသွင်းခဲ့ပြီး၊ အဆိုပါ ဝင်ငွေခွန်နှင့် ဒဏ်ကြေးငွေ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်တွင်း အခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားခဲ့ရာ ညွှန်ကြားရေးမှူးချုပ်က ယင်းဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)အရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားရမည့် ကာလ စည်းကမ်းသတ်အတွင်း လျှောက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် ကနဦးအကြောင်း ပြချက်ဖြင့် "ပလပ်" လိုက်သည့် ဆုံးဖြတ်ချက်ကို ၃၁-၃-၂၀၂၃ ရက်နေ့တွင် စီမံအုပ်ချုပ်မှုနည်းလမ်း အရ ပြန်လည်သုံးသပ်မှုအမှတ် ၄/၂၀၂၃ ဖြင့် ချမှတ်ခဲ့ခြင်းအပေါ် ကျေနပ်မှုမရှိပါသဖြင့် အခွန်အယူခံ ခုံအဖွဲ့ထံ ဝင်ငွေခွန်အယူခံမှု လျှောက်ထားလာခြင်းဖြစ်သည်။

ခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီးဖြစ်သည့်အပြင် မေးမြန်းဖြေကြားချက်များ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ထုံး လုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် လျှောက်ထားခံရသူက ချေလွှာနှင့်အတူပေးပို့လာသည့် အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များ စသည်တို့ကို အသေးစိတ်စိစစ်လေ့လာ ခဲ့ရာ ၂၀၁၉ ဝင်ငွေနှစ် (၂၀၁၉-၂၀၂၀ စည်းကြပ်နှစ်) အတွက် လျှောက်ထားသူ "K" Line Logistics(Myanmar) Ltd က ပြည်တွင်းအခွန်များဦးစီးဌာန၊ အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး(၂)သို့ တင်သွင်းခဲ့သည့် ဝင်ငွေကြေညာလွှာပါ အမည်ကောင်းတန်ဖိုး (Goodwill) ဝယ်ယူခြင်းနှင့် Office 365 EntE3 System ဝယ်ယူတပ်ဆင်ခြင်းတို့အတွက် တန်ဖိုးလျော့ လျာထားခြင်းအား လုပ်ငန်း၏စရိတ်အဖြစ်ခွင့်မပြုသဖြင့် ပိုမိုကျသင့်သည့်ဝင်ငွေခွန်နှင့်ဒဏ်ငွေကို ပြန်လည်သုံးသပ်ပေးရန် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက် နှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားခဲ့ရာ ယင်းဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)အရ ပြန်လည်သုံးသပ်ပေးရန်လျှောက်ထားရမည့် ကာလစည်းကမ်းသတ် အတွင်း လျှောက်ထားခြင်းမရှိကြောင်းကို စိစစ်တွေ့ရှိရသည့်အတွက် ကနဦး အကြောင်းပြချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က "ပလပ်" လိုက်သည့်ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ခုံအဖွဲ့ထံသို့ အယူခံတင်သွင်းလာခြင်းဖြစ်ကြောင်းတွေ့ရသည်။

ထိုသို့ အယူခံတင်သွင်းရာ၌ လျှောက်ထားသူ၏ လျှောက်ထားချက်တွင် အပိုင်း (၂) ပိုင်း ပါဝင်ပြီး ပထမပိုင်းမှာ ကာလစည်းကမ်းသတ်ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားနိုင်ခြင်းမရှိခဲ့ဘဲ ၃၇ ရက် ကျော်လွန်သွားခြင်းကို ပြန်လည်လက်ခံစဉ်းစားသုံးသပ်ပေးရန်နှင့် ဒုတိယပိုင်းမှာ အလယ် အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂) မှ Confirmation for Self-Assessment (SAS-1) ထုတ်ပြန်ရာတွင် ကုမ္ပဏီကတင်ပြထားသော လုပ်ငန်း၏ အမည်ကောင်းတန်ဖိုး (Goodwill) ဝယ်ယူခြင်းအတွက် တန်ဖိုးလျော့ ၁၀% ကို လုပ်ငန်း၏စရိတ်အဖြစ် ခွင့်မပြုနိုင်ပါကလည်း ဘဏ္ဍာရေး

ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၆ အရ ဇယားတွင် မပါဝင်သော ပုံသေပိုင်ပစ္စည်း (Fixed Asset) အဖြစ် ၅% တန်ဖိုးလျော့ လျာထားခြင်းကို လုပ်ငန်း၏ စရိတ်အဖြစ် ခွင့်ပြုပေးပါရန်နှင့် (Office 365 EntE3 System) ဝယ်ယူခြင်းအတွက် Intangible Fixed အဖြစ် ထည့်သွင်းခြင်းနှင့် ကုမ္ပဏီမှတင်ပြထားသော တန်ဖိုးလျော့ ၁၀% အား ခွင့်မပြုနိုင်ပါကလည်း ၁၂ လစာ Prepaid expense အဖြစ်ထားရှိ၍ လစဉ်လုပ်ငန်းစရိတ်အဖြစ် ခွင့်ပြုပေးပါရန်နှင့် အဆိုပါ ဝင်ငွေနှစ်အတွက် အခွန်စည်းကြပ်မှုအား ပြန်လည်ပြင်ဆင်ပေးရန်တို့ဖြစ်ကြောင်းတွေ့ရသည်။

အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (င) တွင် ခုံအဖွဲ့ရှေ့မှောက်၌ အမှုများကို ကြားနာသည့်အခါ တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်းသုံးစွဲနိုင်ကြောင်း ပြဋ္ဌာန်းထားသည်နှင့်အညီ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ ပါ ပြဋ္ဌာန်းချက်များအရ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခဲ့ခြင်းသည် လုံလောက်သောအကြောင်းကြောင့် ဟုတ် မဟုတ် ခုံအဖွဲ့အနေဖြင့် ပထမဦးစွာ စိစစ်ဆုံးဖြတ်နိုင်ခွင့်ရှိပေသည်။

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) တွင် အခွန်ထမ်းသည် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စီမံအုပ်ချုပ်မှုနည်းလမ်းအရပြန်လည်သုံးသပ်ပေးရန် အသေးစိတ်အကြောင်းပြချက်များကို ဖော်ပြလျက် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်ဟုလည်းကောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ တွင် အယူခံမှု သို့မဟုတ် စီရင်ချက်ကို ပြန်လည်သုံးသပ်ရန်သော်လည်းကောင်း၊ အယူခံဝင်ခွင့်ရရှိစေရန်သော်လည်းကောင်း ပြုလုပ်သောလျှောက်ထားမှုကို သို့မဟုတ် တည်ဆဲဥပဒေဖြင့်ဖြစ်စေ၊ တည်ဆဲဥပဒေအရဖြစ်စေ၊ ဤပုဒ်မနှင့်သက်ဆိုင်စေနိုင်သည့် အခြားလျှောက်ထားမှုကို ပြဋ္ဌာန်းထားသည့် ကာလစည်းကမ်းသတ်ကုန်ဆုံးပြီးမှ တင်သွင်းသည့်ကိစ္စတွင် အယူခံသူကဖြစ်စေ၊ လျှောက်ထားသူကဖြစ်စေ စည်းကမ်းသတ်ကာလအတွင်းက အဘယ်ကြောင့်တင်သွင်းခြင်းမပြုခဲ့သည်ကို တရားရုံးက ကျေနပ်အောင် လုံလောက်သောအကြောင်းပြနိုင်လျှင် တရားရုံးသည် အဆိုပါ အယူခံမှု၊ လျှောက်ထားမှုကို လက်ခံနိုင်သည်ဟုလည်းကောင်း အသီးသီးပြဋ္ဌာန်းထားသည်။

လျှောက်ထားသူအနေဖြင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂) မှ ထုတ်ပြန်သည့် Confirmation for Self-Assessment (SAS-1) ကို ၈-၁၂-၂၀၂၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပြီး စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားခြင်းမပြုမီ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)ထံမှ စည်းကြပ်မိန့်မိတ္တူလျှောက်ထားရရှိပြီးမှ လျှောက်ထားတင်သွင်းရမည်ဟု သဘောရိုးဖြင့် မှားယွင်းစွာယူဆမိသဖြင့် ၂၁-၁၂-၂၀၂၂ ရက်နေ့တွင် လျှောက်ထားခဲ့ကြောင်း၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂) ကလည်း ယင်းနေ့တွင်ပင် ဝင်စာအမှတ် ၁၆၉၉၈ ဖြင့် လက်ခံရရှိခဲ့ကြောင်း၊ မိတ္တူမရရှိသဖြင့် လျှောက်ထားသူက ၆-၂-၂၀၂၃ ရက်နေ့တွင် အလယ်အလတ်အခွန်

ထမ်းများဆိုင်ရာအခွန်ရုံး(၂) သို့ ဖုန်းဖြင့်မေးမြန်းစုံစမ်းသည့်အခါ မူလလက်ခံရရှိထားသော SAS-1 ဖြင့် လျှောက်ထားနိုင်ခွင့်ရှိကြောင်းသိရှိရသည့်အတွက် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ၁၄-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားရာ ၃၇ ရက် ကျော်လွန်သွားရခြင်းဖြစ်သည်ကို လက်ခံစဉ်းစားပေးပါရန် တင်ပြထားကြောင်းတွေ့ရှိရသည်။

လျှောက်ထားသူက စည်းကြပ်မိန့်မိတ္တူထုတ်ပေးရန် စာဖြင့်လျှောက်ထားခဲ့ခြင်းအပေါ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)၏ အမှုတွဲပါအထွေထွေအရပ်ရပ်-၁၆ (ရုံးတွင်းစာအကျဉ်းချုပ်)ပုံစံတွင် "၂၁-၁၂-၂၀၂၂ ရက်နေ့တွင် ဝင်စာအမှတ် ၁၆၉၉၈ ဖြင့် လျှောက်ထားလာကြောင်း" မှတ်တမ်းတင်ထားခြင်း၊ "စည်းကြပ်မှု မိတ္တူမှန် တောင်းခံရန်မလိုအပ်ပါကြောင်း၊ လက်ခံရရှိထားသော SAS-1 မူရင်းဖြင့်သာ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ကာလစည်းကမ်းသတ်အတွင်း စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားနိုင်ကြောင်း ၂၉-၁၂-၂၀၂၂ ရက်နေ့တွင် အခွန်ထမ်းကုမ္ပဏီ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်ဖြစ်သော ၀၉-၅၀၇၅၇၈၁ ထံသို့ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားပြီးဖြစ်ကြောင်း" မှတ်တမ်းတင်ထားခြင်းတို့ကို အထောက်အထားမိတ္တူတင်ပြထားသော်လည်း လျှောက်ထားသူကစာဖြင့် တရားဝင်ရေးသားတင်ပြထားခြင်းကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၄ ပါ အခွန်ထမ်းနှင့်အခြားပုဂ္ဂိုလ်များကို ဆက်သွယ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)ကတိကျစွာ လိုက်နာဆောင်ရွက်ပြန်ကြားခဲ့ခြင်းမရှိသဖြင့် အငြင်းပွားဖွယ်ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူရှင်းလင်းကွဲပြားစွာသိရှိအောင် ကာလစည်းကမ်းသတ်ပြည့်မြောက်သည့် ၈-၁-၂၀၂၃ ရက်နေ့မတိုင်မီ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)က ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နည်းလမ်းတကျ လိုက်နာပြန်ကြားခဲ့မည်ဆိုပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားသည့်ဖြစ်စဉ် ပေါ်ပေါက်နိုင်ဖွယ်မရှိဟုယူဆနိုင်ကြောင်း၊ လျှောက်ထားသူက ၆-၂-၂၀၂၃ ရက်နေ့တွင် ဖုန်းဖြင့်မေးမြန်းစုံစမ်းသိရှိရပြီးနောက် ၁၄-၂-၂၀၂၃ ရက်နေ့တွင် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားခဲ့ကြောင်းတွေ့ရှိရသဖြင့် လိုအပ်သောစာရွက်စာတမ်း အထောက်အထားများ ပြင်ဆင်ဆောင်ရွက်ချိန်ကို ထည့်သွင်းစဉ်းစားပါက လျှောက်ထားသူသည် ထိုက်သင့်သော လုံ့လဝီရိယစိုက်ထုတ်မှုမရှိဟု မဆိုနိုင်ကြောင်း၊ သို့ဖြစ်၍ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ တင်ပြချက်များအရ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခဲ့ခြင်းတွင် လုံလောက်သောအကြောင်းများကိုတွေ့ရှိရသဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ နှင့်အညီ လက်ခံဆောင်ရွက်နိုင်ကြောင်းသုံးသပ်သည်။

လျှောက်ထားသူက ဒုတိယပိုင်းအနေဖြင့်တင်ပြထားသည့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)မှ Confirmation for Self-Assessment (SAS-1) ထုတ်ပြန်ရာတွင် ကုမ္ပဏီမှ တင်ပြထားသော လုပ်ငန်း၏အမည်ကောင်းတန်ဖိုး (Goodwill) ဝယ်ယူခြင်းအတွက် တန်ဖိုးလျော့

၁၀ % ကို လုပ်ငန်း၏စရိတ်အဖြစ် ခွင့်မပြုနိုင်ပါကလည်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၆ အရ ဇယားတွင်မပါဝင်သော ပုံသေပိုင်ပစ္စည်း (Fix Asset) အဖြစ် ၅ % တန်ဖိုးလျော့လျာထားခြင်းကို လုပ်ငန်း၏စရိတ်အဖြစ် ခွင့်ပြုပေးရန်၊ Office 365 EntE3 System ဝယ်ယူခြင်းအတွက် Intangible Fixed Asset အဖြစ် တင်သွင်းခြင်းနှင့် ကုမ္ပဏီမှတင်ပြထားသောတန်ဖိုးလျော့ ၁၀ % အား ခွင့်မပြုနိုင်ပါကလည်း ၁၂ လစာ prepaid expense အဖြစ်ထားရှိ၍ လစဉ်လုပ်ငန်းစရိတ်အဖြစ် ခွင့်ပြုပေးပါရန်တို့နှင့်စပ်လျဉ်း၍ ခုံအဖွဲ့က ဆုံးဖြတ်ချက်တစ်စုံတစ်ရာချမှတ်ခြင်းမပြုထိုက်ကြောင်းနှင့် တည်ဆဲဝင်ငွေခွန်ဥပဒေ၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီသာ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်သုံးသပ်ဆုံးဖြတ်သင့်ကြောင်းသုံးသပ်သည်။ သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ၃၁-၃-၂၀၂၃ ရက်စွဲပါ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်မှုအမှတ် ၄/၂၀၂၃ ၏ ပြန်လည်သုံးသပ်မှုအမိန့်တွင် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်ကိုပယ်ဖျက်၍ လျှောက်ထားသူကတင်သွင်းခဲ့သော စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားချက်ကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်က သုံးသပ်ပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာချမှတ်ရန်ဖြစ်ကြောင်း ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

| ဒေါ်ယျကြည်ညွန့် | မြင့်ဦး | ဦးကြည် |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

အဖွဲ့ခေါင်းဆောင်

အခွန်အယူခံခုံအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၆/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၃) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄၃/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ် အင်ဂျင်နီယာဌာနမှ အလုပ်ရုံစုမှူး (စက်ရုံ-၁)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) များဖြစ်ကြသော ဦးအောင်ကိုလတ်၊ ဦးလှိုင်လှိုင်ကျော်နှင့် ဒေါ်မိုင်ဇင်နှင်းပန်း တို့အား လက်ထောက်အင်ဂျင်နီယာ (စက်မှု)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၇/၂၀၂၃)**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၃) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄၃/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ် အင်ဂျင်နီယာဌာနမှ အလုပ်ရုံစုမှူး -၁ (လျှပ်စစ်)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးသန်းထွဋ်နိုင် အား လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၃) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ ထောက်ပံ့ဌာန၊ ရန်ကုန်မှ ဒုတိယအထွေထွေမန်နေဂျာ (ထောက်ပံ့)၊ လစာနှုန်း (၃၇၄,၀၀၀- ၄,၀၀၀-၃၉၄,၀၀၀) ဦးထွန်းလွင် အား စီးပွားရေးဌာန၊ နေပြည်တော်တွင် လစ်လပ်လျက်ရှိသော အထွေထွေ မန်နေဂျာ (စီးပွားရေး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၀/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၀-၁၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၂/ ၃-၃/ ၇ ဦး ဖ (၄၅၅၈) ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/ ၂-၁/၂-၃ (၁၁၅၇)/ ၂၀၂၂ ပါ အတည်ပြုချက်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၂၂-၁၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၁၃၉၁၁/ မပ (မြေတိုင်း)-ဖ (၂၀၂၃) ဖြင့် စိစစ်တင်ပြချက်တို့အရ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ အမှတ် (၂) ရပ်ကွက်အတွင်းရှိ မြို့မြေကွက် (ဖ) ကွက်၊ ကွင်းပေါင်း (ဖ) ကွင်းတို့အား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မြို့မြေတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ(Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

**ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေသတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်အတွင်းရှိ

အောက်ဖော်ပြပါ နယ်နိမိတ်အတွင်းကျရောက်သည့် အကျယ်အဝန်း ၄၂၆.၁၁ ဧကရှိသည့်မြေကို ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **ရသေ့ပျံဂူဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ** အဖြစ် ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် (၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်လားရာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း N–16˚51'29.35" E–97˚33'12.06" မှ အရှေ့တောင်ဘက် ၆၁ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚51'28.20" E–97˚33'13.82" အထိလည်းကောင်း၊ ထိုမှ အရှေ့ဘက်သို့ ၃၁ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚51'28.25" E– 97˚33'14.76" အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက် ၆၄ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚51'27.85" E– 97˚33'16.46" အထိ၊

အရှေ့ဘက်။ ခန့်မှန်းမြေပုံညွှန်း N–16˚51'27.85" E– 97˚33'16.46" မှ အရှေ့တောင်ဘက်သို့ ၁၈၅ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚51'23.73" E– 97˚33'20.04" အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ ၇၈ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚51'22.48" E– 97˚33'21.97" အထိလည်းကောင်း၊ ထိုမှ တောင်ဘက်သို့ ၂၀၉ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚51'16.53" E–97˚33'23.53" အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁၂၀ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚51'13.86" E– 97˚33'25.81" အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃၁ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚51'13.53" E– 97˚33'26.74" အထိလည်းကောင်း၊ ထိုမှ တောင်ဘက်သို့ ၃၇၄ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚51'02.94" E– 97˚33'29.71" အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့ ၁၀၂ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'59.90" E– 97˚33'29.74" အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့ ၃၁၄ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'55.26" E– 97˚33'38.07" အထိလည်းကောင်း၊ ထိုမှ အရှေ့ဘက်သို့ ၅၅ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'55.10" E– 97˚33'39.76" အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂၅၇ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'49.91" E– 97˚33'45.55" အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ ၅၃၁ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'42.40" E– 97˚33'59.36" အထိလည်းကောင်း၊ ထိုမှ အရှေ့ဘက်သို့ ၂၅၅ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'41.75" E– 97˚34'06.66" အထိလည်းကောင်း၊ ထိုမှ တောင်ဘက်သို့ ၁၆၇ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'37.22" E–97˚34'07.18" အထိလည်းကောင်း၊ ထိုမှ တောင်ဘက်သို့ ၁၇၈ ကိုက်အထိလည်းကောင်း၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'32.40" E– 97˚34'08.92" အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့ ၃၁၀ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'23.88" E–97˚34'06.17" အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁၂၆ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'20.87" E– 97˚34'08.61" အထိလည်းကောင်း၊ ထိုမှ အရှေ့ဘက်သို့ ၄၆ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'21.00" E– 97˚34'10.03" အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂၆၈ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'13.97" E– 97˚34'13.84" အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့ ၁၅၆ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'09.96" E– 97˚34'12.19" အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁၁၅ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚50'07.23" E– 97˚34'13.86" အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃၈၅ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚49'56.77" E– 97˚34'16.74" အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့ ၆၆ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16˚49'54.90" E– 97˚54'16.12" အထိလည်းကောင်း၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁၅၄

ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°49'56.41" E– 97°34'20.56" အထိလည်းကောင်း၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁၅၉ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°50'00.66" E– 97°34'21.80" အထိလည်းကောင်း၊ ထိုမှ အရှေ့ဘက်သို့ ၂၀၅ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°49'58.87" E– 97°34'27.25" အထိလည်းကောင်း၊ ထိုမှ တောင်ဘက်သို့ ၂၅၉ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°49'51.63" E– 97°34'26.96" အထိလည်းကောင်း၊

တောင်ဘက်။ ခန့်မှန်းမြေပုံညွှန်း N–16°49'51.63" E– 97°34'26.96" မှ အနောက်တောင်ဘက်သို့ ၁၄၉ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°49'49.19" E– 97°34'23.15" အထိလည်းကောင်း၊ ထိုမှ တောင်ဘက်သို့ ၄၈ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°49'47.75" E– 97°34'23.21" အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့ ၃၀၀ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°49'46.02" E– 97°34'14.20" အထိလည်းကောင်း၊

အနောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း N–16°49'46.02" E– 97°34'14.20" မှ မြောက်ဘက်သို့ ၁၆၉ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°49'50.56" E– 97°34'12.86" အထိလည်းကောင်း၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂၀၀ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°49'53.27" E– 97°34'17.26" အထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃၂၅ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°49'56.67" E– 97°34'08.35" အထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄၇၈ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°50'07.83" E– 97°34'02.01" အထိလည်းကောင်း၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၉၉ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°50'09.40" E–97°34'04.40" အထိလည်းကောင်း၊ ထိုမှ အနောက်ဘက်သို့ ၈၃၇ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°50'10.55" E– 97°33'39.97" အထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ ၆၅၆ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°50'26.36" E– 97°33'30.35" အထိလည်းကောင်း၊ ထိုမှ မြောက်ဘက်သို့ ၅၇၂ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°50'37.45" E– 97°33'23.17" အထိလည်းကောင်း၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁၃၅ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°50'39.62" E– 97°33'26.61" အထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ ၅၀၈ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°50'52.87" E– 97°33'21.08" အထိလည်းကောင်း၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂၇၃ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°51'00.62" E– 97°33'21.81" အထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂၆၄ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°51'04.47" E– 97°33' 15.58" အထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃၁၅ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°51'13.07" E–97°33'12.90" အထိလည်းကောင်း၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁၉၈ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°51'16.96" E–97°33'17.40" အထိလည်းကောင်း၊ ထိုမှ မြောက်ဘက်သို့ ၂၉၅ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°51'25.38" E–97°33'16.11" အထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁၈၄ ကိုက်၊ ခန့်မှန်းမြေပုံညွှန်း N–16°51'28.36" E–97°33'11.50" အထိလည်းကောင်း၊ ထိုအမှတ်မှ အရှေ့တောင်ဘက်သို့ ၄၀ ကိုက်ခန့်သွားရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း N–16°51'29.35" E–97°33'12.06" အထိ။

**တားမြစ်ချက်များ**

၂။ "ရသေ့ပျံဂူဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ" အဖြစ် တည်ထောင်ရန်ရည်ရွယ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကိုမပြုလုပ်ရန် တားမြစ်လိုက်သည်–

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

( ခ ) ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

( ဂ ) ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ၎င်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း လုံးဝမပြုလုပ်ရ၊

( င ) ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း လုံးဝမပြုလုပ်ရ၊

( စ ) ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝ အနေအထားအတိုင်း တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

( ဇ ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း၊

( ဈ ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသော နေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ “ရသေ့ပျံဂူဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ” အဖြစ် သတ်မှတ်တည်ထောင်မည့် နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘားအံမြို့နယ် | ဥက္ကဋ္ဌ |
| ( ခ ) | မြို့နယ်ဦးစီးဌာနမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဘားအံမြို့နယ် | အဖွဲ့ဝင် |
| ( ဂ ) | မြို့နယ်ဦးစီးအရာရှိ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဘားအံမြို့နယ် | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးအရာရှိ၊ ရှေးဟောင်းသုတေသနဦးစီးဌာန ဘားအံမြို့နယ် | အဖွဲ့ဝင် |
| ( င ) | မြို့နယ်ဦးစီးအရာရှိ၊ သာသနာရေးဦးစီးဌာန ဘားအံမြို့နယ် | အဖွဲ့ဝင် |

(စ) ဥက္ကဋ္ဌ၊ ရသေ့ပျံလိုဏ်ဂူဂေါပကအဖွဲ့ ဘားအံမြို့နယ် — အဖွဲ့ဝင်

(ဆ) ကျေးရွာအုပ်ချုပ်ရေးမှူး ရသေ့ပျံကျေးရွာအုပ်စု၊ ဘားအံမြို့နယ် — အဖွဲ့ဝင်

(ဇ) ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန ဘားအံမြို့နယ် — အတွင်းရေးမှူး

## လုပ်ငန်းတာဝန်

၄။ ပဏာမစိစစ်ရေးအဖွဲ့သည် သတ်မှတ်ဖွဲ့စည်းမည့် ရသေ့ပျံဂူဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေ တည်ရှိရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ရသေ့ပျံဂူဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့် လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး မနစ်နာစေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်းရှိ မရှိနှင့် စာရင်းများကိုကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန် ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သောသက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့် ကိစ္စအတွက် ထောက်ခံတင်ပြသည့် လျော်ကြေးငွေစာရင်းကိုပြုစုခြင်း၊

(ဃ) သတ်မှတ်သည့် နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့် ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများ အသုံးချနေသည့်မြေများကို ဆိုင်ရာဆိုင်ခွင့်စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း ရသေ့ပျံဂူဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ၃၇၆ မိုင်ခန့်အကွာ တာချီလိတ်မြို့၊ ကမ္ဘောဇ ဘဏ်လီမိတက် (တာချီလိတ်ဘဏ်ခွဲ-၂) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင် သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ တာချီလိတ်မြို့နယ်ရှိ ကမ္ဘောဇဘဏ်လီမိတက် (တာချီလိတ်ဘဏ်ခွဲ-၂) အား တောင်ကြီးမြို့နယ် လူမှုဖူလုံရေး ရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၂၃)**

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ၃၇၆ မိုင်ခန့်အကွာ တာချီလိတ်မြို့၊ ကမ္ဘောဇ ဘဏ်လီမိတက် (တာချီလိတ်ဘဏ်ခွဲ-၃) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင် သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ တာချီလိတ်မြို့နယ်ရှိ ကမ္ဘောဇဘဏ်လီမိတက် (တာချီလိတ်ဘဏ်ခွဲ-၃) အား တောင်ကြီးမြို့နယ် လူမှုဖူလုံရေး ရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၃)**

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ၃၂၉ မိုင်ခန့်အကွာ မိုင်းဖြတ်မြို့၊ ကမ္ဘောဇ ဘဏ်လီမိတက် (မိုင်းဖြတ်ဘဏ်ခွဲ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင် သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ မိုင်းဖြတ်မြို့နယ်ရှိ ကမ္ဘောဇဘဏ်လီမိတက် (မိုင်းဖြတ်ဘဏ်ခွဲ) အား တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

မြင့်နောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမားဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်<br>(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (လေတပ်ဌာနစု)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)

အမှတ် ၁၁/၂၀၂၃။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၅) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

**တပ်မတော် (လေ)**

**အထွေထွေဌာနခွဲ (လေသူရဲ)**

| | | | |
|---|---|---|---|
| (၁) | ရာဇာလင်း | လေ | ၄၆၀၅ |
| (၂) | ပိုင်ခန့်ဟိန်း | လေ | ၄၆၀၆ |
| (၃) | ခန့်နေမင်း | လေ | ၄၆၀၇ |
| (၄) | မင်းထက်အောင် | လေ | ၄၆၀၈ |
| (၅) | အောင်ထွဋ်ခေါင် | လေ | ၄၆၀၉ |
| (၆) | တင်ကျော်လင်း | လေ | ၄၆၁၀ |
| (၇) | ဇေယျာလင်းမောင် | လေ | ၄၆၁၁ |
| (၈) | အောင်ကျော်ဟိန်း | လေ | ၄၆၁၂ |
| (၉) | သက်ကိုနိုင် | လေ | ၄၆၁၃ |
| (၁၀) | ထက်မြတ်လင်း | လေ | ၄၆၁၄ |
| (၁၁) | ဇော်လင်းဖြိုး | လေ | ၄၆၁၅ |
| (၁၂) | မင်းပြည့်စုံ | လေ | ၄၆၁၆ |

| | | | |
|---|---|---|---|
| (၁၃) | မင်းဆက်သော် | လေ | ၄၆၁၇ |
| (၁၄) | အောင်ကျော်သူ | လေ | ၄၆၁၈ |
| (၁၅) | မျိုးမင်းသူ | လေ | ၄၆၁၉ |
| (၁၆) | စိုးသန့်မောင် | လေ | ၄၆၂၀ |
| (၁၇) | ဇင်လင်းဖြိုး | လေ | ၄၆၂၁ |
| (၁၈) | လွင်အောင်ဘုန်း | လေ | ၄၆၂၂ |
| (၁၉) | ဟိဏ်းထက် | လေ | ၄၆၂၃ |
| (၂၀) | စစ်နေလင်း | လေ | ၄၆၂၄ |
| (၂၁) | ကောင်းစံ | လေ | ၄၆၂၅ |
| (၂၂) | ဝေဠုကျော် | လေ | ၄၆၂၆ |
| (၂၃) | ရဲမင်းအောင် | လေ | ၄၆၂၇ |
| (၂၄) | ဇေယျာလင်း | လေ | ၄၆၂၈ |
| (၂၅) | ခန့်စည်သူမောင် | လေ | ၄၆၂၉ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၇၉၇/ ရွာထောင်အရှေ့)၊ မြေကွက်အမှတ် (F-၅၂/ ၃၉၂၊ F-၅၂/ ၃၉၃) ရှိ **မြေဧရိယာ ၂.၂၃ ဧက** အား **သီရိမင်္ဂလာကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃)**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၈၀၈/ အုတ်ရှစ်ကုန်း)၊ မြေကွက်အမှတ် (၂၂၁၅) ရှိ မြေဧရိယာ ၀.၄၆ ဧက၊ မြေကွက်အမှတ် (၂၂၁၇) ရှိ မြေဧရိယာ ၀.၂၇ ဧက စုစုပေါင်း **မြေဧရိယာ ၀.၇၃ ဧက** အား **ကောင်းဆုဝေ ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်<br>(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### ပြည်ထောင်စုရာထူးဝန်အဖွဲ့
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ် (၆/၂၀၂၃)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)

၁။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၂၁) ခုတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် Online စနစ်ဖြင့် **e–Recruitment and Selection System (e–RSS) (UCSB e– RSS Mobile Application နှင့် UCSB e–RSS Web Based)** တို့ကို အသုံးပြုကာ ၃၁–၁၂–၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ဝင်ရောက်လျှောက်ထားနိုင်ပါသည်–

(က) **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

| **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|
| ဦးစီးအရာရှိ | ၃ နေရာ | မဟာဥပဒေဘွဲ့ (LL.M) |

(ခ) **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

| **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|
| ဦးစီးအရာရှိ | ၁၁ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (Any Graduate) [ပြည်တွင်း/ ပြည်ပသာသနာ့တက္ကသိုလ်မှ ဘွဲ့များ အကျုံးမဝင်ပါ။] |

(ဂ) **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

| **စဉ်** | **ဌာန** | **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|---|---|
| (၁) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | လက်ထောက်မန်နေဂျာ (စီမံ/ စီးပွား) | ၆ နေရာ | တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ (Any Graduate) [**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့ (B.P.A)/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့(B.B.A)/ ဥပဒေဘွဲ့ (LL.B) ရရှိသူများကို ဦးစားပေးခေါ်ယူမည် ဖြစ်ပါသည်။** ပြည်တွင်း/ပြည်ပသာသနာ့တက္ကသိုလ်မှ ဘွဲ့များ အကျုံးမဝင်ပါ။] |

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| | | လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး) | ၄ နေရာ | ဝါဏိဇ္ဇဘွဲ့ (B.Com)/စာရင်းကိုင်ပညာဘွဲ့ (B.Act)/စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (B.B.A)/ စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်နှင့် ဘဏ္ဍာရေး) [B.B.Sc (Accounting and Finance)] |
| | | လက်ထောက်အင်ဂျင်နီယာ | ၁၀ နေရာ | အင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်/ လျှပ်စစ်စွမ်းအား/ သုတနည်းပညာ) [B.E (Electronics/ Electrical Power/ Information Technology)] |
| (၂) | မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | နည်းပြအရာရှိ (ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာပညာဌာန) | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာ)[B.E (Naval Architecture Engineering(Q)] ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူ |
| | | နည်းပြအရာရှိ (ရေကြောင်းအင်ဂျင်နီယာပညာဌာန) | ၃ နေရာ | အင်ဂျင်နီယာဘွဲ့(စက်မှု) [B.E (Mechanical)Q] ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူ/ အင်ဂျင်နီယာဘွဲ့ (ရေကြောင်းအင်ဂျင်နီယာ) [B.E (Marine Engineering)Q] ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းတက်ရောက်ရန် အဆင့်မီသူ/ အင်ဂျင်နီယာဘွဲ့တစ်ခုခုရရှိပြီး ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၃)/ အဆင့် (၂) ရရှိသူ [B.E+O.E.W (Officer Incharged of Engine Room Watch keeping) (STCW Reg-III/2)] |
| | | နည်းပြအရာရှိ (ဆိပ်ကမ်းအင်ဂျင်နီယာပညာဌာန) | ၄ နေရာ | မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) [M.E (Civil)]/ မဟာအင်ဂျင်နီယာဘွဲ့ (အဆောက်အအုံ)[M.E (Structure)]/ မဟာအင်ဂျင်နီယာဘွဲ့ (မြေသားနှင့် အုတ်မြစ်ပိုင်းဆိုင်ရာ အင်ဂျင်နီယာ) [M.E(Geotechnical Engineering)]/ မဟာအင်ဂျင်နီယာဘွဲ့ (ဆိပ်ကမ်းအင်ဂျင်နီယာ)[M.E (Port and Harbour Engineering)]/ အင်ဂျင်နီယာဘွဲ့ (ဆိပ်ကမ်းအင်ဂျင်နီယာ) [B.E (Port & Harbour Engineering)Q] ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းတက်ရောက်ရန်အဆင့်မီသူ |

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| | | နည်းပြအရာရှိ (မြစ်ချောင်းနှင့် ကမ်းရိုးတန်း အင်ဂျင်နီယာ ပညာဌာန) | ၁ နေရာ | မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) [M.E (Civil)/မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြရေအရင်းအမြစ်) [M.E (Civil Water Resources)]/ သိပ္ပံမဟာ အင်ဂျင်နီယာဘွဲ့ (မြို့ပြရေအရင်းအမြစ်) [M.S. Engg (Civil Water Resources)]/ သိပ္ပံမဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာအင်ဂျင်နီယာ) [M.S. Engg (Civil Environmental Engineering)]/ အင်ဂျင်နီယာဘွဲ့ (မြစ်ချောင်းနှင့် ကမ်းရိုးတန်း အင်ဂျင်နီယာ) [B.E (River & Coastal Engineering)Q]ရရှိပြီး(မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းတက်ရောက်ရန်အဆင့်မီသူ)/ အင်ဂျင်နီယာဘွဲ့(ဆိပ်ကမ်း အင်ဂျင်နီယာ) [B.E(Port & Harbour Engineering) Q] ရရှိပြီး (မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းတက်ရောက်ရန်အဆင့်မီသူ)/ အင်ဂျင်နီယာဘွဲ့ (မြို့ပြ)[B.E (Civil)Q] ရရှိပြီး (မဟာအင်ဂျင်နီယာဘွဲ့ တက်ရောက်ရန်အဆင့်မီသူ) |
| | | နည်းပြအရာရှိ (ရေကြောင်း လျှပ်စစ်နှင့် အီလက် ထရောနစ် ပညာဌာန) | ၃ နေရာ | အင်ဂျင်နီယာဘွဲ့(ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်) [B.E (Marine Electrical System & Electronics)Q]/ အင်ဂျင်နီယာဘွဲ့ (လျှပ်စစ်စွမ်းအား) [B.E (Electrical Power (Q)]/အင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်) [B.E (Electronic)Q] ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်း တက်ရောက်ရန်အဆင့်မီသူ |
| | | နည်းပြအရာရှိ (ရေကြောင်း သိပ္ပံပညာဌာန) | ၃ နေရာ | သိပ္ပံ (ဂုဏ်ထူး) ဘွဲ့ (ရေကြောင်းသိပ္ပံ) ဘွဲ့ရရှိသူ [B.Sc (Hons;)(Nautical Science)]/ သိပ္ပံဘွဲ့ (ရေကြောင်းသိပ္ပံ) [B.Sc (Nautical Science)Q] ရရှိပြီး မဟာသိပ္ပံဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူ/ သိပ္ပံဘွဲ့ (ရူပဗေဒ/ သင်္ချာ) တစ်ခုခုရရှိပြီး ကုန်းပတ်အရာရှိ လက်မှတ်ရရှိသူ [B.Sc (Physics/ Mathematics) and Deck Officer Class–III CoC Certificate holder] |

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| | | နည်းပြအရာရှိ (သဘင်္ောလုပ်ငန်းစီမံခန့်ခွဲမှုပညာဌာန) | ၂ နေရာ | ဝါဏိဇ္ဇဘွဲ့ [(B.Com)Q]/ စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ/ စာရင်းအင်း) [B.Econ (Economics/ Statistics)Q]/ စာရင်းကိုင်ပညာဘွဲ့ [(B.Act)Q]/ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာဘွဲ့ [(B.B.A)Q]/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့[(B.P.A)Q]/ ဖွံ့ဖြိုးမှုပညာဘွဲ့ [(B.Dev.S)Q] ရရှိပြီး မဟာတန်းတက်ရောက်ရန်အဆင့်မီသူ/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ (M.B.A)/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(M.P.A)/ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(M.Dev.S) |
| | | နည်းပြအရာရှိ (ဆိပ်ကမ်းစီမံခန့်ခွဲမှုပညာဌာန) | ၂ နေရာ | ဝါဏိဇ္ဇဘွဲ့ [(B.Com)Q]/ စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ/ စာရင်းအင်း) [B.Econ (Economics/ Statistics)Q]/ စာရင်းကိုင်ပညာဘွဲ့ [(B.Act)Q]/ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာဘွဲ့ [(B.B.A)Q]/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့[(B.P.A)Q]/ ဖွံ့ဖြိုးမှုပညာဘွဲ့ [(B.Dev.S)Q] ရရှိပြီး မဟာတန်းတက်ရောက်ရန်အဆင့်မီသူ/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ (M.B.A)/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(M.P.A)/ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(M.Dev.S) |
| | | နည်းပြအရာရှိ (ရေကြောင်းစက်မှုအင်ဂျင်နီယာပညာဌာန) | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ [ရေကြောင်းစက်မှုအင်ဂျင်နီယာ/ ရေကြောင်းအင်ဂျင်နီယာ/ ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာ/ စက်မှု/ (စက်မှုအီလက်ထရောနစ်/ မက္ကာထရောနစ်)] [B.E (Marine Mechanical Engineering/ Marine Engineering/ Naval Architecture Engineering/ Mechanical/ Mechatronics) Q] ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်းတက်ရောက်ရန်အဆင့်မီသူ |
| | | လက်ထောက်စာကြည့်တိုက်မှူး (စာကြည့်တိုက်ဌာန) | ၁ နေရာ | ဝိဇ္ဇာဘွဲ့ (စာကြည့်တိုက်နှင့်သုတပညာ) [B.A (Library & Information Studies)]/ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာရရှိသူ (Any Graduate and Diploma in Librarianship) |

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၃) | မြန်မာနိုင်ငံ ကုန်သွယ် ရေကြောင်း ကောလိပ် | နည်းပြအရာရှိ **(အမျိုးသား)** | ၁ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ရေကြောင်း အင်ဂျင်နီယာအရာရှိ အဆင့် (၃)/ (၄)/ (၅) လက်မှတ် (Marine Engineer Officer Class III/ IV/ V) ပူးတွဲတင်ပြရမည်။ |
| | | **(အမျိုးသား)** | ၂ နေရာ | အင်ဂျင်နီယာဘွဲ့တစ်ခုခုရရှိပြီး သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ရေကြောင်း အင်ဂျင်နီယာ အရာရှိအဆင့် (၃)/ (၄)/ (၅) လက်မှတ် (Marine Engineer Officer Class III/ IV/ V) ပူးတွဲတင်ပြရမည်။ |
| | | လက်ထောက်ကထိက **(အမျိုးသား)** | ၁ နေရာ | မဟာသိပ္ပံဘွဲ့ရရှိသူ (M.Sc) သို့မဟုတ် မဟာဥပဒေဘွဲ့ (ပင်လယ်ရေကြောင်း ဥပဒေ) [LL.M (Maritime Law)] သို့မဟုတ် ဥပဒေဘွဲ့ (LL.B) သို့မဟုတ် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီး ကုန်းပတ်ရေကြောင်း အရာရှိ အဆင့် (၃)/ (၄)/ (၅) လက်မှတ် (Deck Officer Class III/ IV/ V) ပူးတွဲတင်ပြရမည်။ |
| | | လက်ထောက်ကထိက **(အမျိုးသား)** | ၁ နေရာ | အင်ဂျင်နီယာဘွဲ့တစ်ခုခုရရှိထားပြီး ရေကြောင်းအင်ဂျင်နီယာ အရာရှိအဆင့် (၃)/ (၄)/ (၅) လက်မှတ် (Marine Engineer Officer Class III/ IV/ V) ပူးတွဲတင်ပြရမည်။ |
| | | လက်ထောက်ကထိက | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)] |
| | | | ၂ နေရာ | မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) [M.Sc (Computer Science)] |

(ဃ) **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | မြန်မာ့ နိုင်ငံခြား ကုန်သွယ်မှု ဘဏ် | လက်ထောက် မန်နေဂျာ | ၂ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)/ မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech) |
| | | | ၂ နေရာ | မဟာဥပဒေဘွဲ့ (LL.M) |
| | | | ၆ နေရာ | ဝါဏိဇ္ဇဘွဲ့ (B.Com)/ စီးပွားရေးပညာဘွဲ့ (စာရင်းအင်း /ဘောဂဗေဒ) [B.Econ (Statistics /Economics )]/စာရင်းကိုင် ပညာဘွဲ့(B.Act)/ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာဘွဲ့(B.B.A)/ဖွံ့ဖြိုးမှု ပညာဘွဲ့(B.Dev.S)/လူဦးရေပညာဘွဲ့ |

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| | | | | (B.P.S)/ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာဘွဲ့ (B.P.A)/ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ဌာနတွင်းတာဝန်ထမ်းဆောင်သူဖြစ်ပါက စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ |
| (၂) | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | လက်ထောက်မန်နေဂျာ | ၈ နေရာ | ဝါဏိဇ္ဇဘွဲ့ (B.Com)/ စာရင်းကိုင်ပညာဘွဲ့(B.Act)/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့(B.B.A) /စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)[B.Econ (Economics )/ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး စာရင်းကိုင်ဒီပလိုမာဘွဲ့ရရှိသူ (Any Graduate;DA) **[ပြည်တွင်း/ ပြည်ပ သာသနာ့တက္ကသိုလ်များမှ ပေးအပ်သည့် ဘွဲ့များ အကျုံးမဝင်ပါ။]** |
| (၃) | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | လက်ထောက်မန်နေဂျာ | ၁၀ နေရာ | ဝါဏိဇ္ဇဘွဲ့ (B.Com)/ စီးပွားရေးပညာဘွဲ့ (စာရင်းအင်း /ဘောဂဗေဒ) [B.Econ (Statistics /Economics )]/စာရင်းကိုင်ပညာဘွဲ့(B.Act)/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့(B.B.A)/ဖွံ့ဖြိုးမှုပညာဘွဲ့(B.Dev.S)/လူဦးရေပညာဘွဲ့ (B.P.S)/ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာဘွဲ့ (B.P.A)/ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ (Any Graduate +CPA) |
| | | | ၅ နေရာ | ဝိဇ္ဇာဘွဲ့/ မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [B.A/ M.A (English)] |
| | | | ၂ နေရာ | ဥပဒေဘွဲ့/ မဟာဥပဒေဘွဲ့ (LL.B/LL.M) |
| | | | ၂ နေရာ | ကွန်ပျူတာသိပ္ပံဘွဲ့/ ကွန်ပျူတာနည်းပညာဘွဲ့(B.C.Sc/ B.C.Tech) |
